သင်ခန်းစာ (၁၆)

# Gender based Discrimination
## လိင်ကွဲပြားမှုအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုများ

ရည်ရွယ်ချက်

- လိင်ကွဲပြားမှုအပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများကို သိမြင်လာစေရန်၊

**Activity** (လှုပ်ရှားမှု)

– မိကျောင်း၊ ဖါး၊ ကြာရွက်ကစားနည်း။

(၁) သင်တန်းခန်းမအတွင်း စက္ကူများကိုချထားပါ။ သင်တန်းပို့ချသူက ထိုစက္ကူများသည် ကြာရွက်များဖြစ်ကြောင်း၊ သင်တန်းသားများအားလုံးသည် ယခုအချိန်မှစ၍ ရေကန်တွင် ပျော်ရွှင်စွာ ကစားနေကြသော ဖားကလေးများဖြစ်ကြောင်း၊ ထိုရေကန်တွင် မိကျောင်းကြီးတကောင်ရှိကြောင်း ပြောပြပါ။

(၂) ထို့နောက် သင်တန်းသားများအား အခန်းအတွင်း လွတ်လပ်စွာလှည့်လည်သွားစေ၍ ခေါင်းလောင်းတီးလိုက်သည်နှင့် ထိုစက္ကူများပေါ်တွင် လုတက်ရပ်ခိုင်းပါ။

(၃) စက္ကူတရွက်တွင် လူတယောက်သာရပ်ရမည်။ ရေထဲကျန်နေသူများမှာ မိကျောင်းကိုက်စားခံရခြင်းဖြစ်ပြီး ကစားခြင်းမှ နုတ်ထွက်ရပါမည်။

(၄) ပထမအကြိမ်တွင် စက္ကူပိုနေအောင်ချထားပြီး တဖြည်းဖြည်းလျော့လိုက်ရမည်ဖြစ်သည်။ စက္ကူမရသူများ ကို ညှဲ့လို့မရကြောင်း၊ အသုံးမကျကြောင်း ပြောဆိုပေးပါ။

(၅) ဒုတိယအဆင့်တွင် ကြိုးတချောင်းဖြင့်ဝိုင်းလိုက်ပြီး ဝိုင်းအလယ်တွင် မိမိရွေးချင်သော လူအနည်းစုကို တော်သည်၊ ပြောစကားနားထောင်သည် စသည်ဖြင့်ချီးမွမ်းပြောဆိုပြီး ဝိုင်းအထဲတွင်နေပါစေ။

(၆) စက္ကူအများစုကို ဝိုင်းအတွင်းထည့်ထား၍ အပြင်ဝိုင်းပတ်ပတ်လည်တွင် စက္ကူအနည်းငယ်သာချထားကာ ဝိုင်းအပြင်ရှိလူများကို အရင်အတိုင်းပြန်လုပါစေ။

(၇) စည်းကမ်းချက်မှာ အထဲကလူများသည် အပြင်စက္ကူကိုလုနိုင်ပြီး အပြင်ကလူက အထဲရှိစက္ကူကို သွားလု၍ မရပါ။ ထိုနည်းဖြင့် အပြင်လူအားလုံး ပြုတ်သွားသည်အထိ ဆက်လက်ကစားသွားခိုင်းပါ။

**Discussion** (အပြန်အလှန်ဆွေးနွေးခြင်း)

လှုပ်ရှားမှုပြီးသွားပါက သင်တန်းသားများကို အားလုံးဝိုင်းထိုင်ခိုင်းပါ။ ထို့နောက် အောက်ပါမေးခွန်းများကို မေး၍ ဆွေးနွေးပါ။

- လှုပ်ရှားမှုလုပ်နေစဉ်နှင့် ပြီးသည့်အခါ ဘယ်လိုခံစားရလဲ၊ ဘာကြောင့် အခုလိုခံစားရသလဲ။
- ဘယ်လိုမျိုးဖြစ်ခဲ့ကြလဲ၊ လှုပ်ရှားမှုကို ဘယ်လိုမြင်သလဲ။ ဘာကြောင့်အဲဒီလိုမြင်တာလဲ။
- ဘယ်သူတွေက အခွင့်အရေးပိုရနေတယ်ထင်လဲ။ ဘာကြောင့်ထင်လဲ။
- ဘယ်သူတွေက ကြိုးစားပေမဲ့ယှဉ်ပြိုင်လို့မရနိုင်ဘူးလဲ၊ ဘာကြောင့်လဲ။
- လက်တွေ့ဘဝမှာဆိုရင် ကြိုးအတွင်းက လူတွေကဘယ်သူဖြစ်နိုင်လဲ။ ဘာကြောင့်လဲ။
- ကြိုးအပြင်ဖက်က ဘယ်သူတွေလဲ၊ ဘာကြောင့်လဲ။
- အရင်နေ့က လေ့လာချက်တွေအရဆိုရင် သူတို့တွေက ဘယ်သူတွေဖြစ်နိုင်လဲ။

- လက်တွေ့မှာဆိုရင် ကြိုးကရော ဘယ်အရာတွေဖြစ်နိုင်လဲ။
- ခေါင်းလောင်းကိုင်ထားပြီး အမိန့်ပေးတဲ့သူကရော ဘယ်အရာတွေဖြစ်နိုင်သလဲ။
- ဘာတွေသင်ခန်းစာရသလဲ။

| | လှုပ်ရှားမှု | လက်တွေ့ဘဝ |
|---|---|---|
| အတွင်းလူ | | |
| အပြင်လူ | | |
| ကြိုး | | |
| ခေါင်းလောင်း | | |

ထိုဆွေးနွေးမှုများတွင် လိင်ကွဲပြားမှုအပေါ်အခြေခံသည့် ခွဲခြားမှုများကို သိသာမြင်သာစေရန် ဦးတည်သွားရန် လိုအပ်သည်။

**Input** (အကြောင်းအရာနှင့်ဆက်စပ်သည့် ဗဟုသုတပေးခြင်း)

- လူသားတိုင်းသည် မွေးဖွားလာကတည်းက တူညီသောဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးရှိသည် ဆိုသောအချက်ကို လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၁) နှင့် (၂) တို့တွင် ဖော်ပြထားသည်။ သို့ရာတွင် လူမျိုးအခြေခံအရလည်းကောင်း၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာအရသော်လည်းကောင်း၊ လိင်ကွဲပြားမှုအရလည်းကောင်း အချို့သူများမှာ ဘဝ၏ကဏ္ဍအသီးသီးတို့တွင် အခြားသူများကဲ့သို့တန်းတူ ခံစားခွင့်မရှိဘဲ ခွဲခြားခံနေရလျက်ရှိသည်။

- အမျိုးသမီးများဖြစ်သည့်အတွက် ကဏ္ဍအသီးသီးတွင် အထူးသဖြင့် နိုင်ငံရေးတွင်ပါဝင်မှု၌ ခွဲခြားသတ်မှတ်ခံရမှုများကို ရင်ဆိုင်ခဲ့ရသည်။ လူ့အခွင့်အရေးသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက စကားလုံးအရ ခွဲခြားသတ်မှတ်ခံရမှုများ ရှိခဲ့သည်ကိုတွေ့နိုင်သည်။ လူ့အခွင့်အရေး၏ မူလအစဟုပြောလေ့ရှိသော ပြင်သစ်နိုင်ငံတော်လှန်ရေးနောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့သော ပြင်သစ်အခွင့်အရေးကြေညာစာတမ်းတွင် **(Declaration of the Rights of Men and Citizen)**ဟူ၍သာ ဖော်ပြထားပြီး အမျိုးသမီးများ၏ အခွင့်အရေးကို အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိပေ။ ထို့အတွက်ကြောင့် ပြင်သစ်တော်လှန်ရေးတွင် တက်ကြွစွာ ပါဝင်ခဲ့သော ပြင်သစ်အမျိုးသမီးတဦးဖြစ်သူ အိုလမ်ပီဒီဂေါ့သည် ထိုစာတမ်းကိုအတုယူ၍ အမျိုးသမီးများနှင့် အမျိုးသမီးနိုင်ငံသားများအခွင့်အရေးကြေညာစာတမ်းကို ကြေညာခဲ့သည်။သို့သော် အမျိုးသားများက လစ်လျူရှုခဲ့ကြသည်။ ပြင်သစ်တော်လှန်ရေးအပြီး ပြဋ္ဌာန်းခဲ့သောဥပဒေတွင်လည်း အမျိုးသမီးများ မဲပေးခွင့်ကို လစ်လျူရှုခဲ့သည်။

- ထို့အတူ အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့တွင်လည်း အမျိုးသမီးများအား မဲပေးခွင့်ကို (၁၉) ရာစုလောက်အထိ တိုက်ပွဲဝင်ခဲ့ရသည်။ အမျိုးသားများနှင့် တန်းတူမဲပေးခွင့်အတွက် လှုပ်ရှားတောင်းဆိုမှုများ အရှိန်အဟုန်မြင့်လာပြီး အမျိုးသမီးအားလုံး အသိတရားနိုးကြားလာခဲ့ကြသည်။ အင်္ဂလန်တွင် ၁၈၆၀ မှ ၁၈၉၀ ခုနှစ်များအတွင်းတွင် အမျိုးသမီးများအားလိုက်လျောမှုများ ပေါ်ထွန်းလာခဲ့သည်။ အင်္ဂလန်ပါလီမန်တွင် အိမ်ထောင်ရှင်အမျိုးသမီးများ၏ ကိုယ်ပိုင်ပစ္စည်းထိမ်းသိမ်းခွင့်နှင့် စီးပွားရှာခွင့်တို့ကို ဥပဒေဖြင့်အသိအမှတ်ပြုလာခဲ့သည်။ တက္ကသိုလ်များသို့ အမျိုးသမီးကျောင်းသူများ တက်ရောက်ခွင့်ရလာသည်။ ၁၉၁၃ ခုနှစ်တွင် အီမီလီဝိုက်ဒေးဗစ်ဆင်သည် အင်္ဂလန်ဘုရင်စီးသောမြင်းရှေ့တွင် လှဲအိပ်အသေခံ ဆန္ဒပြပြီးမှ ၁၉၁၈တွင် အမျိုးသမီးများမဲပေးခွင့်ကို ခွင့်ပြုခဲ့သည်။ ပထမပိုင်းတွင် အမျိုးသမီးများမဲပေးခွင့် အသက်

သတ်မှတ်ချက်ကို အသက် (၃၀) သတ်မှတ်ထားပြီး နောက်ပိုင်းဆယ်နှစ်ကြာမှ အမျိုးသားများနှင့် တန်းတူ အသက်ပြောင်းလဲသတ်မှတ်ပေးခဲ့သည်။

- ပထမကမ္ဘာစစ်အပြီးတွင် အမျိုးသမီးများမဲပေးခွင့်ကို အသိအမှတ်ပြုသောနိုင်ငံအရေအတွက် များလာခဲ့သည်။ အမျိုးသမီးလှုပ်ရှားမှုမှာလည်း မဲပေးခွင့်ရရှိရေးမှ အခြားနိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေး နယ်ပယ်များတွင် ခွဲခြားဖိနှိပ်မှုပပျောက်ရေးသို့ တိုးတက်တောင်းဆိုလာခဲ့ကြသည်။ ၁၉၆၀ခုနှစ် ပတ်ဝန်းကျင်များတွင် အမျိုးသမီးများသည် ယခင်ကအမျိုးသမီးများနှင့် မအပ်စပ်ဟုသတ်မှတ်ထားသော ပြင်ပလုပ်ငန်းခွင်များတွင် ပါဝင်လုပ်ကိုင်ခဲ့ရသည်။ သို့သော် အမျိုးသမီးများဖြစ်သည့်အတွက် အလုပ်ခွဲခြားခြင်း၊ ခံစားခွင့်မတူညီခြင်းစသည့်အဖြစ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အတွက် လုပ်ငန်းခွင်တွင်တန်းတူညီမျှရေး တောင်းဆိုသံများထွက်ပေါ်လာခဲ့သည်။

- ၁၉၇၀ ခုနှစ်ဝန်းကျင်ကာလများ၌ အမျိုးသမီးများ၏တောင်းဆိုသံသည် နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် တန်းတူညီမျှရေးဆိုသည့်တောင်းဆိုသံထက် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရသည်။ ထိုကဏ္ဍများ လောက်သာမကတော့ဘဲ အခြားကဏ္ဍများတွင်ပါ အမျိုးသမီးများကို ခွဲခြားသည့် မဟာဖိုဝါဒစနစ်ကြီး တခုလုံးကို ဖျက်သိမ်းပစ်ရန်၊ အမျိုးသမီးများအပေါ် ခွဲခြားသည့်အမြင်များကို ပံ့ပိုးပေးနေသည့် လိင်ခွဲခြားသည့် အရာအားလုံးကို တွန်းလှန်ရန် တောင်းဆိုလှုံ့ဆော်လာခဲ့သည်။ ထိုအယူအဆထဲတွင် အမျိုးသားများက အမျိုးသမီးများ၏ ဘဝအစိတ်အပိုင်းအားလုံးကို သူတို့စိတ်တိုင်းကျ ပြဌာန်းသတ်မှတ်ပေးထားသည်၊ အမျိုးသမီးများကို လက်တွဲဖော်အနေနှင့်မမြင်ဘဲ သူတို့လက်အောက်ခံအဆင့်မျိုးဖြင့်သာ မြင်ယောင်နေသည်။ ထိုအစွဲအမြင်များအားလုံးသည် အမျိုးသမီးများဘဝကို နိမ့်ကျစေသော အရာများဖြစ်သည်ဟူသည့်အယူအဆ ထွန်းကားလာသည်။ အမျိုးသမီးများအခွင့်အရေးကို ချိုးဖောက်ရာတွင် အိမ်ထောင်စုအတွင်း၊ လုပ်ငန်းခွင်အတွင်းနှင့် လူ့အသိုင်းအဝိုင်းဘဝအတွင်း အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း၊ အမြတ်ထုတ်ခြင်းများပါဝင်သည်ဟု တွေးမြင်လာခဲ့သည်။ ထို့အတွက် အမျိုးသမီးများနှင့် အမျိုးသားများ၏ စိတ်ထားများ၊ အမြင်များ၊ အစွဲများကို ပြောင်းလဲပစ်ရန် လိုအပ်ကြောင်း ယူဆလာသည်။ ထိုအယူအဆမှာ ဥရောပနှင့် မြောက်အမေရိကတိုက်တို့တွင်သာမဟုတ်ဘဲ ကမ္ဘာအနှံ့အပြားသို့ ပြန့်နှံ့ခဲ့သည်။

- ယနေ့အခါတွင် လိင်ကွဲပြားမှုကြောင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းကို လူ့အခွင့်အရေး ချိုးဖောက်မှုအဖြစ်သတ်မှတ်၍ ထိုသို့ခွဲခြားမှုများချုပ်ငြိမ်းစေရန် တောင်းဆိုတိုက်ပွဲဝင်မှုများ ထွန်းကားလာသည်။ အမျိုးသမီးများအား စနစ်တကျနှိပ်စက်ညှင်းပန်းမှုကို နှိပ်စက်မှုပုံစံတခုအဖြစ် အသိအမှတ်ပြုရန်၊ မုဒိမ်းကျင့်ခြင်းကို လိင်အကြမ်းဖက်မှုပုံစံတခုအဖြစ် အသိအမှတ်ပြုရန်၊ အမျိုးသမီးများအား ပြည့်တန်ဆာအဖြစ်အသုံးပြုခြင်းကို ကျွန်ပြုမှုပုံစံတခုအဖြစ် အသိအမှတ်ပြုရန်၊ အမျိုးသမီးများအား အကြမ်းဖက်ခြင်းကို လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် အသိအမှတ်ပြုရန် ၊ အိမ်တွင်းအကြမ်းဖက်မှုအား လူ့အခွင့်အရေးချိုးဖောက်မှုတခုအဖြစ် လက်ခံရန်တို့ကို ကြိုးပမ်းဆောင်ရွက်လာလျက်ရှိသည်။

- အမျိုးသမီးများအား ခွဲခြားဖိနှိပ်မှု **(Discrimination)** ဆိုသည့် အဓိပ္ပာယ်ကို အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားမှုများပပျောက်ရေးသဘောတူစာချုပ် (CEDAW) ၏ အပိုဒ် (၁) တွင် “နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံသားအခွင့်အရေးနှင့် အခြားသောကဏ္ဍမျိုးစုံတို့တွင် အမျိုးသမီးများအား လိင်အရကွဲပြားမှုကိုအခြေခံ၍ ခွဲခြားခြင်း၊ သီးသန့်ဖြစ်စေခြင်း၊ ကန့်သတ်ထားခြင်း တို့ကိုဆိုလိုသည်” ဟု ဆိုထားသည်။

## Deepening (သင်တန်းသားများ၏လက်တွေ့အဖြစ်နှင့်နှိုင်းယှဉ်ဆက်စပ်ပေးခြင်း)

- သင်တန်းသားများအား အုပ်စုသုံးစုခွဲ၍ မိမိ၏မိသားစုအတွင်း၊ လုပ်ငန်းခွင် သို့မဟုတ် ပြင်ပအသိုင်းအဝိုင်း အတွင်း၊ နိုင်ငံတော်၏ ဥပဒေများအတွင်း အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်သည့်အဖြစ်အပျက်များကို ဆွေးနွေးခိုင်းပါ။
- ထိုဆွေးနွေးချက်များကို အုပ်စုကြီးတွင်ပြန်လည်တင်ပြခိုင်းပါ။

## Synthesis (မည်ကဲ့သို့လုပ်ဆောင်၊ ကာကွယ်တားဆီးနိုင်သည်ကို အဖြေရှာလုပ်ဆောင်စေခြင်း)

- သင်တန်းသားများအား ကျား၊ မအလိုက် အုပ်စုနှစ်စုပြန်ခွဲပါ။
- ထိုခွဲခြားဖိနှိပ်မှုများပပျောက်အောင် အမျိုးသမီးများအနေဖြင့် ဘယ်အရာများလုပ်ဆောင်သင့်ကြောင်း၊ မိမိတို့အမျိုးသားများအနေဖြင့် မည်သည့်အချက်များကို သတိပြုလုပ်ဆောင်သွားမည်ဖြစ်ကြောင်းတို့ကို အမျိုးသားများအား ဆွေးနွေးတင်ပြခိုင်းပါ။
- ထို့အတူ ထိုခွဲခြားဖိနှိပ်မှုများပပျောက်အောင် အမျိုးသားများအနေဖြင့် ဘယ်အရာများ လုပ်ဆောင်သင့်ကြောင်း၊ မိမိတို့အမျိုးသမီးများအနေဖြင့် မည်သည့်အချက်များကို သတိပြုလုပ်ဆောင်သွားမည် ဖြစ်ကြောင်းတို့ကို အမျိုးသမီးများအား ဆွေးနွေးတင်ပြခိုင်းပါ။

မှတ်ချက်

- မိကျောင်း၊ ဖား၊ ကြာရွက်လှုပ်ရှားနည်းအစား ခွဲခြားဖိနှိပ်မှုကိုပေါ်လွင်စေမည့် အခြားလှုပ်ရှားနည်းများ အသုံးပြုနိုင်သည်။ (ဥပမာ– အနီအပြာလှုပ်ရှားနည်း) ထိုနည်းအချို့ကို ဤစာအုပ်တွင် ဖော်ပြထား ပါသည်။
- လှုပ်ရှားမှုကိုအသုံးပြုမည်ဆိုပါက ဤစာအုပ်ပါ လှုပ်ရှားမှုများအသုံးပြုရာတွင် သတိပြုရန်အချက်များကို သေသေချာချာလေ့လာထားရန်လိုသည်။
- လှုပ်ရှားမှုနည်းလမ်းကို အသုံးပြုခြင်းဖြစ်သဖြင့် လုပ်ဆောင်နေချိန်တွင် သင်တန်းသားတဦးချင်း၏ ပြုမူပြောဆိုပုံ၊ တုန့်ပြန်ပုံနှင့် ခံစားချက်များကို အသေအချာမှတ်ထား၍ နောက်ဆက်တွဲမေးခွန်းမေးရာတွင် ထည့်သွင်းမေးနိုင်ပါက ပိုကောင်းမည်။